## သွေးစစ်ဆေးမှုများဖြင့် ရှာဖွေစစ်ဆေးခဲ့သည့် ရောဂါအခြေအနေများ၊ အဆက်-

- Hb S/C disease (Hb S/C)
- Holocarboxylase synthetase deficiency (MCD or multiple carboxylase deficiency)
- Homocystinuria (HCY)
- Isovaleric acidemia (IVA)
- Long-chain L-3-OH acyl-CoA dehydrogenase deficiency (LCHAD)
- Maple syrup urine disease (MSUD)
- Medium-chain acyl-CoA dehydrogenase deficiency (MCAD)
- Methylmalonic acidemia: cobalamin A, B (Cbl A, B)
- Methylmalonic acidemia: mutase deficiency (MUT)
- Mucopolysaccharidosis type I (MPS I)
- Phenylketonuria (PKU)
- Pompe disease
- Propionic acidemia (PROP)
- Severe combined immunodeficiency (SCID)
- Sickle cell anemia (SCA or Hb S/S)
- Spinal muscular atrophy (SMA)
- Trifunctional protein deficiency (TFP)
- Tyrosinemia type I (TYR I)
- Very long-chain acyl-CoA dehydrogenase deficiency (VLCAD)
- X-linked adrenoleukodystrophy (X-ALD)

## အခြား ရောဂါရှာဖွေစစ်ဆေးရေး စမ်းသပ်မှုနှစ်ခုအား သားဖွားဆေးရုံတွင်ပြုလုပ်ပါသည် သို့မဟုတ် သားဖွားဆရာမများက ဆောင်ရွက်ပါသည်-

- Critical congenital heart disease (CCHD)
- Hearing



**မေးခွန်းများရှိပါသလား။ ကျွန်ုပ်တို့ထံ ဆက်သွယ်ရန်နံပါတ်**
**800-660-4427 သို့မဟုတ် 802-951-5180**

VERMONT
DEPARTMENT OF HEALTH
*[VERMONT၊ ကျန်းမာရေးဌာန]*

**Vermont မွေးကင်းစကလေး ရောဂါရှာဖွေစစ်ဆေးရေး အစီအစဉ်**

`

**healthvermont.gov/family/newbornscreening**
ဖက်စ်- 802-951-1218

ပြင်ဆင်ဖြည့်စွက်သည့်ရက်စွဲ 7/16/2019

Burmese

# Vermont မွေးကင်းစကလေး ရောဂါရှာဖွေစစ်ဆေးခြင်း အစီအစဉ်



VERMONT
DEPARTMENT OF HEALTH

## Vermont တွင် မွေးဖွားသည့် ကလေးငယ်အားလုံးအနေဖြင့် ဖြစ်ခဲ့သော်လည်း မွေးကင်းစတွင် မသိသာနိုင်သည့် ရောဂါဝေဒနာများကို စစ်ဆေးရန် မွေးကင်းစကလေးအား ရောဂါရှာဖွေရေး စမ်းသပ်မှုများကို လက်ခံရရှိရန် အခွင့်အလမ်း ရှိပါသည်။

### ကျွန်ုပ်၏ ကလေးသည် မွေးကင်းစ ရောဂါရှာဖွေရေး စမ်းသပ်မှုများကို ဘာကြောင့် လိုအပ်ပါသလဲ။

- ကလေးအားလုံးအနေဖြင့် ကျန်းမာနေလျှင်ပင် ရောဂါရှာဖွေရေး စမ်းသပ်မှုများ ခံယူရန် ကျွန်ုပ်တို့ အကြံပြုပါသည်။
- မွေးကင်းစကလေး ရောဂါရှာဖွေရေး စမ်းသပ်မှုများသည် ဖျားနာမှု သို့မဟုတ် သေဆုံးမှု ဖြစ်စေနိုင်သည့် ဖြစ်ခဲသော ကျန်းမာရေး ပြဿနာများရှာသိရန်အတွက် ကလေး၏ သွေးကို စစ်ဆေးပေးပါသည်။
- စမ်းသပ်ခြင်းဖြင့် ယင်းကျန်းမာရေး ပြဿနာများကို စောလျင်စွာ တွေ့ရှိပါက၊ ကလေးငယ်များသည် ၎င်းတို့ လိုအပ်သည့် ကုသမှုနှင့် စောင့်ရှောက်မှု ရရှိနိုင်ပါသည်။
- ကလေးငယ်အများစုသည် မွေးကင်းစတွင် ကျန်းမာကြသော်လည်း စမ်းသပ်ရန်မှာ အရေးကြီးပါသည်။

### ကျွန်ုပ်၏ ကလေးကို ဘယ်လိုမျိုး စမ်းသပ်မှာလဲ။

- ဆေးရုံရှိ ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူသည် သင့်ကလေးငယ်၏ ခြေဖနောင့်မှ သွေးအနည်းငယ်ကို ရယူပြီး ဓါတ်ခွဲခန်းသို့ ပေးပို့ပါမည်။
- ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူသည် အကြားအာရုံနှင့် နှလုံးပြဿနာများကိုပါ စစ်ဆေးပေးပါမည်။ ယင်းစမ်းသပ်မှုများမှာ သွေးရယူရန်မလိုပါ။
- သင့်ကလေးငယ်ကို အိမ်တွင် မွေးဖွားလျှင် သားဖွားဆရာမများက စမ်းသပ်မှုများ ပြုလုပ်နိုင်ပါသည်။
- ကလေးငယ်ကို စမ်းသပ်မှု မခံယူလိုစေသည့် မိဘများ သို့မဟုတ် အုပ်ထိန်းသူများက ဖောင်ဖြည့်သွင်း၍ ငြင်းဆိုနိုင်ပါသည်။ ဖောင်ကို လက်မှတ်မထိုးမီ စမ်းသပ်မှုများ မခံယူခြင်း၏ ဘေးအန္တရာယ်အကြောင်းအား ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူက ရှင်းပြပေးပါမည်။



### စမ်းသပ်မှုများ၏ ရလဒ်များကို ဘယ်လိုရရှိနိုင်ပါသလဲ။

- သင့်ကလေးငယ်၏ ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်သူက သင့်အား ရလဒ်များ ပြောပြသွားပါမည်။
- သွေးစမ်းသပ်မှု ရလဒ်များ အသင့်မဖြစ်မီ ရက်အနည်းငယ် ကြာမြင့်နိုင်ပါသည်။
- အကြားအာရုံနှင့် နှလုံး စမ်းသပ်မှုများမှ ရလဒ်များအား ချက်ချင်း ရယူနိုင်ပါသည်။

### ကျွန်ုပ်၏ ကလေးက နောက်ထပ် စမ်းသပ်မှုတစ်ခုကို ခံယူရန် ဘာလို့လိုအပ်တာလဲ။

- သင့်ကလေးငယ်၏ အသက် 24 နာရီ မတိုင်မီ စမ်းသပ်မှု ပြုလုပ်ပါက။
- စမ်းသပ်မှု ဆောင်ရွက်ခဲ့သည့် နည်းလမ်းတွင် ပြဿနာတစ်ခု ရှိခဲ့ပါက။
- ပထမ စမ်းသပ်မှု၏ရလဒ်က ကျန်းမာရေး ပြဿနာရှိနိုင်ခြေကို ပြသခဲ့ပါ။

### ကျွန်ုပ်၏ ကလေးက နောက်ထပ် စမ်းသပ်မှု လိုအပ်လျှင် ကျွန်ုပ် ဘာလုပ်ရမလဲ။

- သင့်ကလေးငယ်က နောက်ထပ် စမ်းသပ်မှု လိုအပ်လျှင် သင့်ကလေး၏ ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်သူ သို့မဟုတ် မွေးကင်းစကလေး ရောဂါရှာဖွေရေး အစီအစဉ်က သင့်ထံ ဆက်သွယ်ပါမည်။ သင့်ကလေးငယ်က နောက်ထပ် စမ်းသပ်မှု လိုအပ်သည့် အကြောင်းရင်းနှင့် ဆက်လုပ်ရမည့်အရာများကို ၎င်းတို့က ရှင်းပြသွားပါမည်။
- ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်သူ၏ ညွှန်ကြားချက်များကို လိုက်နာရန်နှင့် သင့်ကလေးငယ်များ စမ်းသပ်မှု ခံယူစေရန်မှာ အရေးကြီးပါသည်။
- စမ်းသပ်မှု ရလဒ်များနှင့် ပတ်သက်၍ သင့်ကို တိုင်ပင်ရန် လိုအပ်နိုင်၍ ဆေးရုံနှင့် သင့်ကလေးငယ်၏ ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်သူထံတွင် သင့်လိပ်စာနှင့် ဖုန်းနံပါတ် ရှိထားကြောင်း သေချာပါစေ။

### ကျွန်ုပ်ကလေး၏ သွေးနမူနာ ဘာဖြစ်မလဲ။

- Vermont တွင်၊ သွေးနမူနာများအား ဓါတ်ခွဲခန်းအတွင်း သိမ်းဆည်းပြီး တစ်နှစ်ပြည့်လျှင် ဖျက်စီးပါသည်။ Vermont မွေးကင်းစကလေး ရောဂါရှာဖွေစစ်ဆေးခြင်း အစီအစဉ်သို့ စာဖြင့်ရေးသားပေးပို့ခြင်းဖြင့် နမူနာအား ပို၍စောလျင်စွာ ဖျက်စီးပေးရန် သို့မဟုတ် ပို၍ကြာမြင့်စွာ သိမ်းဆည်းပေးရန် တောင်းဆိုနိုင်ပါသည်။



### Vermont သည် မွေးကင်းစကလေးများအတွက် ရောဂါဝေဒနာ 35 မျိုးကို အခါအားလျော်စွာ စစ်ဆေးပါသည်။ ဤ 33 မျိုးအား သွေးစမ်းသပ်မှုများဖြင့် ရှာဖွေပါသည်-

- 3-Methylcrotonyl-CoA carboxylase deficiency (3MCC)
- 3-OH 3-CH3 glutaric aciduria (HMG)
- Argininosuccinic acidemia (ASA)
- Beta-ketothiolase deficiency (BKT)
- Biotinidase deficiency (BIOT)
- Carnitine uptake defect (CUD)
- Citrullinemia (CIT)
- Congenital adrenal hyperplasia (CAH)
- Congenital hypothyroidism (CH)
- Cystic fibrosis (CF)
- Galactosemia (GALT)
- Glutaric acidemia type I (GA I)
- Hb S/Beta-thalassemia (Hb S/Th or Hb S/A)

*တစ်ဖက်တွင် အဆက်ရှိသည်*